DeKalb County
School District

Mr. Diijon DaCosta, Sr., *ဘုတ်အဖွဲ့ ဥက္ကဋ္ဌ*
Mrs. Deirdre P. Pierce, *ဒု ဥက္ကဋ္ဌ*
Mrs. Anna Hill
Mrs. Whitney McGinniss
Mrs. Allyson Gevertz
Mrs. Vickie B. Turner
Dr. Devon Q. Horton, *အထူးကြီးကြပ်သူဌာနမှူး*
Dr. Joyce Morley

**လက်တလော သတင်းထုတ်ပြန်ချက်**

ဇူလိုင် 24 ရက်၊ 2024

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

**ကျောင်းသား တာဝန်ချမှတ်မှု ပရောဂျက်အား DCSD မှ ဖွင့်ဟပြသခဲ့၊ အကြံပေး ကော်မတီ၏ လျှောက်လွှာ ကာလအား ဖွင့်လှစ်ထားပေးသည်**

(STONE MOUNTAIN, GA)— DeKalb ကောင်တီ ကျောင်းခရိုင် (*DCSD*) အနေနှင့် ၎င်း၏ ကျောင်းသား တာဝန်ချမှတ်မှု ပရောဂျက် (*SAP*) ၏ အသေးစိတ်အား တင်ပြထားသော ၎င်း၏ ဝက်ဘ်ဆိုဒ် စတင်ဖွင့်လှစ်မှု၊ နှင့် အဆောက်အအုံများ၊ နယ်နိမိတ်များ နှင့် ပရိုဂရမ်အစီအစဉ်များ အစရှိသည်တို့အတွက် SAP အကြံပြုထောက်ခံချက်များ ရယူရာတွင် ပါဝင်ဆောင်ရွက်ပေးမည့် ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်ပါတနာများအတွက် အကြံပေးကော်မတီ လျှောက်လွှာကာလအား ဖွင့်လှစ်မှုတို့အား ဝမ်းမြောက်စွာဖြင့် ထုတ်ပြန်ကြေငြာလိုက်ပါသည်။ SAP အကြံပေး ကော်မတီ တွင် တာဝန်ထမ်းဆောင်ရန်ဌာ လျှောက်လွှာဖွင့်လှစ်ထားသော ကာလမှာ ယခုအချိန်မှစ၍ သောကြာနေ့၊ စက်တင်ဘာလ 6 ရက်နေ့အထိ ဖြစ်သည်။

ကျောင်းခရိုင်များအနေနှင့် နယ်နိမိတ်မျဉ်းများအား ငါးနှစ်တစ်ကြိမ် ကြည့်ရှုစစ်ဆေးသင့်ပြီး၊ ကျောင်းသား တာဝန်ချမှတ်မှု လုပ်ငန်းစဉ်အား ဆယ်နှစ်တစ်ကြိမ် စစ်ဆေးဆောင်ရွက်သင့်ပေသည်၊ အကြောင်းမှာ ဤသို့ဆောင်ရွက်ခြင်းသည် အကောင်းဆုံးသော အလေ့အကျင့် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် ပါဝင်သက်ဆိုင်သူများ အားလုံး၏ အသံအား ရန်ပုံငွေ ဦးစားပေးလုပ်ဆောင်မှုအတွင်း ထည့်သွင်းဆောင်ရွက်မှုရှိကြောင်း သေချာစေရန်ဌာ DCSD ၏ လုပ်ငန်းစဉ်သည် ESPLOST ရန်ပုံငွေ စက်ဝန်းနှင့် တစ်ညီတည်းရှိမည် ဖြစ်သည်။

"ကျွန်ုပ်တို့အနေနဲ့ ကျောင်းသားတွေ အားလုံးရဲ့ လိုအပ်ချက်တွေကို ဖြေရှင်းပေးနိုင်မယ့် အလုံးစုံပါဝင်ပြီး တန်းတူညီမျှမှုရှိတဲ့အပြင် အစုံပါဝင်တဲ့ ကျောင်းသား တာဝန်ချမှတ်မှု လုပ်ငန်းစဉ်ကို ဆောင်ရွက်သွားဖို့ အပြည့်အဝ ကတိကဝတ်ပြုပါတယ်၊" ဟု အထူးကြီးကြပ်သူဌာနမှူး Dr. Devon Q. Horton မှ ဆိုသည်။ "ဒီ 18 လတာ လုပ်ငန်းစဉ်ဟာဆိုရင် လူတိုင်းအတွက် အရည်အသွေးမြင့်မားတဲ့ ပညာရေးကို ပိုမိုသေချာစေမယ့် နည်းလမ်းတွေနဲ့ပတ်သက်ပြီး ကျွန်ုပ်တို့ရဲ့ ခရိုင်ကို ပြန်လည်ပုံရိပ်ဖော်နိုင်စေမှာ ဖြစ်ပါတယ်။"

DCSD အတွက် ပထဝီမြေမျက်နှာပြင် ဒေသများအား အခြေခံထားသည့် အကြံပေး ကော်မတီ လေးခုသည် ခရိုင်၏ ဒေတာအချက်အလက်များ နှင့် ရပ်ရွာအဖွဲ့အစည်း တုံ့ပြန်မှတ်ချက်များတို့အား အသုံးပြုကာ အကြံပြုထောက်ခံချက်များ ရေးဆွဲသွားမည် ဖြစ်သည်။ ဤကော်မတီများအား ဒေသအလိုက် အက္ခရာစဉ်ဖြင့် စာရင်းပြုဖော်ပြထားပါသည် -

- ဗဟိုအလယ်ပိုင်း - Druid Hills ၊ Clarkston ၊ Tucker ၊ Stone Mountain
- မြောက်ပိုင်း - Dunwoody ၊ Chamblee ၊ Cross Keys ၊ Lakeside
- အရှေ့တောင်ပိုင်း - Lithonia ၊ MLK ၊ Miller Grove ၊ Redan ၊ Stephenson
- အနောက်တောင်ပိုင်း - Cedar Grove ၊ Columbia ၊ McNair ၊ Towers ၊ Southwest DeKalb

ဤလုပ်ငန်းစဉ်မှတစ်ဆင့် ခရိုင်သည် ကျောင်းသား ဝန်ဆောင်မှုများအား တိုးတက်စေရန်ဌာ ၎င်း၏ အစီအစဉ်များ၊ နယ်နိမိတ်များ နှင့် အဆောက်အအုံများတို့အား ကျကျနန ကြည့်ရှုစစ်ဆေးရန် စီစဉ်ထားသည်။ အကြံပေး ကော်မတီများသည် အထူးကြီးကြပ်သူဌာနမှူးနှင့် ပညာရေး ဘုတ်အဖွဲ့တို့မှ ကြည့်ရှုစစ်ဆေးပေးရန်ဌာ အကြံပြုထောက်ခံချက်များ အဆိုပြုမည် ဖြစ်သည်။ အကြံပြုထောက်ခံချက်များအပေါ် ဘုတ်အဖွဲ့ မှ မဲပေးခြင်းမပြုမီ သက်ဆိုင်ရာ ရပ်ရွာအဖွဲ့အစည်းများထံမှ တုံ့ပြန်မှတ်ချက်များ ရရှိရန်ဌာ ၎င်းတို့ထံ ကနဦး အဆိုပြုချက်များအား တင်ပြသွားမည် ဖြစ်သည်။

DCSD အနေနှင့် အရပ်သားများ အားလုံးအား ကျောင်းသား တာဝန်ချမှတ်မှု ပရောဂျက် လုပ်ငန်းစဉ်အကြောင်း ပိုမို လေ့လာသင်ယူရန် နှင့် အကြံပေးကော်မတီတစ်ခုတွင် တာဝန်ထမ်းဆောင်ဖို့ လျှောက်ထားကြရန် တိုက်တွန်းအပ်ပါသည်။ နောက်ထပ်သော အချက်အလက်များ သိရှိလိုပါက ကျေးဇူးပြုပြီး DCSD ၏ SAP ဝက်ဘ်စာမျက်နှာဖြစ်သည့် ဤတွင် ဝင်ရောက်ကြည့်ရှုပေးပါ။ SAP အကြံပေး ကော်မတီ တစ်ခုတွင် တာဝန်ထမ်းဆောင်ရန် လျှောက်ထားလိုပါက ဤတွင် ကြည့်ရှုပါ။

XXX